# ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
# မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန
# နေပြည်တော်

စိုက်ပျိုးရေးမိုးလေဝသစာစောင်
၂၀၂၅ ခုနှစ်၊ ဇူလိုင်လ (ပထမ)ဆယ်ရက်ပတ်
နေပြည်တော် (၁၁-၇-၂၀၂၅)

စိုက်ပျိုးရေး
မိုးလေဝသ
ဌာနခွဲ


၂၀၂၅ ခုနှစ်၊ ဇူလိုင်လ (ပထမ) ဆယ်ရက်ပတ်အတွင်း
တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် မိုးရေချိန်များပြပုံ
(မီလီမီတာ)




















# ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ (ပထမ) ဆယ်ရက်ပတ်အတွင်း မိုးလေဝသအခြေအနေအကျဉ်းချုပ်နှင့် ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ (ဒုတိယ)ဆယ်ရက်ပတ်အတွက် မိုးလေဝသခန့်မှန်းချက်

၂၀၂၅ ခုနှစ်၊ ဇူလိုင်လ (ပထမ)ဆယ်ရက်ပတ်အတွင်း ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေများပေါ်မူတည်၍ စိုက်ပျိုးရေးဆိုင်ရာမိုးလေဝသအချက်အလက်များ အကျဉ်းချုပ်ကို အောက်ပါအတိုင်း ဆန်းစစ်ဖော်ပြအပ်ပါသည်။

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

၆-၇-၂၀၂၅ ရက်နေ့တွင် အိန္ဒိယနိုင်ငံ၊ အနောက်ဘင်္ဂလားပြည်နယ်၌ ဖြစ်ပေါ်ခဲ့သော လေဖိအားနည်းရပ်ဝန်းသည် ၉-၇-၂၀၂၅ ရက်နေ့တွင် အိန္ဒိယနိုင်ငံ၊ အနောက်ဘင်္ဂလားပြည်နယ်နှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဂျက်ခမ်းပြည်နယ်တို့သို့ ရောက်ရှိခဲ့ပြီး၊ ၁၀-၇-၂၀၂၅ ရက်နေ့တွင် အဆိုပါလေဖိအားနည်းရပ်ဝန်းသည် အားလျော့သွားခဲ့ပြီး ဖြစ်ပါသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းခဲ့ပါသည်။

## မိုးရွာသွန်းမှုအခြေအနေ

၂၀၂၅ ခုနှစ်၊ ဇူလိုင်လ (ပထမ)ဆယ်ရက်ပတ်အတွင်း မိုးရွာသွန်းမှုအခြေအနေများမှာ- ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးတောင်ပိုင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ဇူလိုင်လ (ပထမ)**ဆ**ယ်ရက်ပတ်၏ ပျမ်းမျှမိုးရေချိန် ခန့်သာရှိခဲ့ပြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်းနှင့်အနောက်ပိုင်း)၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် ဇူလိုင်လ (ပထမ)**ဆ**ယ်ရက်ပတ်၏ ပျမ်းမျှမိုးရေချိန်တို့ထက် ပိုခဲ့ကာ၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ရှမ်းပြည်နယ်တို့တွင် ဇူလိုင်လ (ပထမ)**ဆ**ယ်ရက်ပတ်၏ ပျမ်းမျှမိုးရေချိန်တို့အောက် လျော့နည်းခဲ့ပါသည်။

***မိုးရွာရက်များအနေဖြင့်***- ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်းနှင့်တောင်ပိုင်း)၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် (၉)ရက်မှ (၁၀)ရက်၊ နေပြည်တော်(ပျဉ်းမနားမြို့)နှင့် ပဲခူးတိုင်းဒေသကြီး အရှေ့ပိုင်းတို့တွင် (၈)ရက်စီ၊ မန္တလေးတိုင်းဒေသကြီး(မိတ္ထီလာမြို့)၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့် မြောက်ပိုင်း)တို့တွင် (၅)ရက်မှ (၆)ရက်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း(ကန့်ဘလူမြို့)၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် (၃)ရက်မှ (၄)ရက် မိုးထစ်ချုန်းရွာသွန်းခဲ့ပါသည်။

## အမြင့်ဆုံးအပူချိန်အခြေအနေ

၂၀၂၅ ခုနှစ်၊ ဇူလိုင်လ (ပထမ)ဆယ်ရက်ပတ်အတွင်း ***(နေ့အပူချိန်)*** အခြေအနေများမှာ- နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီးတောင်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်အရှေ့ပိုင်းတို့တွင် ဇူလိုင်လ (ပထမ)ဆယ်ရက်ပတ်၏ ပျမ်းမျှအမြင့်ဆုံးအပူချိန်ခန့်သာရှိခဲ့ပြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် ဇူလိုင်လ (ပထမ)ဆယ်ရက်ပတ်၏ ပျမ်းမျှအမြင့်ဆုံး အပူချိန်တို့ထက် (၁)ဒီဂရီဖာရင်ဟိုက်မှ(၂)ဒီဂရီဖာရင်ဟိုက်အထိ ပိုခဲ့ကာ၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတွင် ဇူလိုင်လ (ပထမ)ဆယ်ရက်ပတ်၏ ပျမ်းမျှအမြင့်ဆုံးအပူချိန်အောက် (၅)ဒီဂရီဖာရင်ဟိုက်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် (၂)ဒီဂရီဖာရင်ဟိုက်မှ (၃)ဒီဂရီဖာရင်ဟိုက်အထိနှင့် ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်းနှင့်အနောက်ပိုင်း)၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် (၁)ဒီဂရီဖာရင်ဟိုက်စီ လျော့နည်းခဲ့ပါသည်။

## အနိမ့်ဆုံးအပူချိန်အခြေအနေ

၂၀၂၅ ခုနှစ်၊ ဇူလိုင်လ (ပထမ)ဆယ်ရက်ပတ်အတွင်း (***ညအပူချိန်***) အခြေအနေများမှာ– ရှမ်းပြည်နယ် တောင်ပိုင်းတွင် ဇူလိုင်လ (ပထမ)ဆယ်ရက်ပတ်၏ ပျမ်းမျှအနိမ့်ဆုံးအပူချိန်ခန့်သာရှိခဲ့ပြီး၊ နေပြည်တော်၊ ရန်ကုန်တိုင်း ဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့် မြောက်ပိုင်း)တို့တွင် ဇူလိုင်လ (ပထမ)ဆယ်ရက်ပတ်၏ ပျမ်းမျှအနိမ့်ဆုံးအပူချိန်တို့ထက်(၁)ဒီဂရီဖာရင်ဟိုက်မှ (၂)ဒီဂရီ ဖာရင်ဟိုက်အထိ ပိုခဲ့ကာ၊ ကချင်ပြည်နယ်တွင် ဇူလိုင်လ (ပထမ)ဆယ်ရက်ပတ်၏ ပျမ်းမျှအနိမ့်ဆုံးအပူချိန်အောက် (၁၂)ဒီဂရီဖာရင်ဟိုက်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် (၆)ဒီဂရီဖာရင်ဟိုက်မှ (၇)ဒီဂရီဖာရင်ဟိုက်အထိ၊ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်းနှင့်တောင်ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် (၂)ဒီဂရီ ဖာရင်ဟိုက်မှ (၃)ဒီဂရီဖာရင်ဟိုက်အထိနှင့် ပဲခူးတိုင်းဒေသကြီးအရှေ့ပိုင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် (၁)ဒီဂရီဖာရင်ဟိုက်စီ လျော့နည်းခဲ့ပါသည်။

## လေထုအတွင်းရေငွေ့ပါဝင်မှုအခြေအနေ

၂၀၂၅ ခုနှစ်၊ ဇူလိုင်လ (ပထမ)ဆယ်ရက်ပတ်အတွင်း (***လေထုစိုထိုင်းဆ***) အခြေအနေများမှာ– မန္တလေးတိုင်း ဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတို့တွင် (၇၁%)မှ (၇၈%)အတွင်း၊ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်းနှင့်အနောက်ပိုင်း)၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် (၈၁%)မှ (၉၀%)အတွင်းနှင့် ပဲခူးတိုင်းဒေသကြီးတောင်ပိုင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် (၉၁%)မှ (၉၉%)အတွင်း အသီးသီးရှိခဲ့ပါသည်။

## ပင်ငွေ့ရေငွေ့ပျံနှုန်းအခြေအနေ

၂၀၂၅ ခုနှစ်၊ ဇူလိုင်လ (ပထမ)ဆယ်ရက်ပတ်အတွင်း ***(ပင်ငွေ့ရေငွေ့ပျံနှုန်း)*** အခြေအနေများမှာ– တနင်္သာရီတိုင်း ဒေသကြီး၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် (၁၁ မီလီမီတာ)မှ (၂၂ မီလီမီတာ)အတွင်း၊ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် (၂၃ မီလီမီတာ)မှ (၃၁ မီလီမီတာ)အတွင်း နှင့် မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့် မြောက်ပိုင်း)တို့တွင် (၃၂ မီလီမီတာ)မှ (၄၃ မီလီမီတာ)အတွင်း အသီးသီးရှိခဲ့ပါသည်။

*(ဖြစ်နိုင်ချေပင်ငွေ့ရေငွေ့ပျံနှုန်းအား* **HARGREAVES METHOD** *ဖြင့် တွက်ချက်ထားပါသည်။)*

## မြေဆီလွှာအောင်းရေအခြေအနေ

၂၀၂၅ ခုနှစ်၊ ဇူလိုင်လ (ပထမ)ဆယ်ရက်ပတ်အတွင်း (***မြေဆီလွှာစိုစွတ်မှု***)အခြေအနေများမှာ– မန္တလေးတိုင်း ဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတို့တွင် (ခြောက်သွေ့)အခြေအနေနှင့် နေပြည်တော်၊ ရန်ကုန်တိုင်း ဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင် ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင်(ပြည့်ဝ)အခြေအနေ အသီးသီးရှိခဲ့ပါသည်။

# ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ (ဒုတိယ)ဆယ်ရက်ပတ်အတွက် မိုးလေဝသခန့်မှန်းချက်

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း (၁)ကြိမ် ဖြစ်ပေါ်နိုင်ပါသည်။ အနောက်တောင်မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အားအသင့်အတင့်မှ အားကောင်းနိုင်ပါသည်။

## မိုးအခြေအနေ

မိုးရွာသွန်းမှုအခြေအနေမှာ- မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ချင်းပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး၊ ကချင်ပြည်နယ်တွင် ရွာသွန်းမြဲအောက် လျော့နည်းနိုင်ကာ၊ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်ပါသည်။

## မိုးရွာရက်

မိုးရွာရက်အနေဖြင့်- နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၈ ရက်မှ ၁၀ ရက်ခန့်နှင့် မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် ၅ ရက်မှ ၇ ရက်ခန့် မိုးထစ်ချုန်းရွာနိုင်ပါသည်။

**စိုက်ပျိုးရေးမိုးလေဝသဌာနခွဲ**

**နောက်ဆက်တွဲ(က)**

## ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ (ပထမ)ဆယ်ရက်ပတ်အတွင်း မိုးရွာသွန်းမှု၊ အပူချိန်၊ စိုထိုင်းဆနှင့် ပင်ငွေ့ရေငွေ့ပျံနှုန်းအခြေအနေနှင့် ပျမ်းမျှမှကွာဟချက်

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | မြို့ | မိုးရေချိန် | ပျမ်းမျှမှကွာဟချက် | မိုးရွာရက် | အမြင့်ဆုံးအပူချိန် (ဒီဂရီဖာရင်ဟိုက်) | | အနိမ့်ဆုံးအပူချိန် (ဒီဂရီဖာရင်ဟိုက်) | | စိုထိုင်းဆ(%) | | ပင်ငွေ့ ရေငွေ့ပျံနှုန်း(မမ) | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | (မမ) | (%) | | အမှန် | ကွာဟချက် | အမှန် | ကွာဟချက် | အမှန် | ကွာဟချက် | အမှန် | ကွာဟချက် |
| ၁။ | ကချင်ပြည်နယ် | မြစ်ကြီးနား | ၂၆၂ | ၄၉ | ၉ | ၈၇ | -၀.၁ | ၆၄ | -၁၁.၇ | ၉၄ | ၂.၈ | ၂၈ | ၄.၀ |
| ၂။ | ချင်းပြည်နယ် | ဟားခါး | ၁၆၆ | ၆၉ | ၁၀ | ၇၂ | -၀.၂ | ၅၅ | -၅.၅ | ၉၅ | ၃.၉ | ၂၀ | -၀.၇ |
| ၃။ | ရှမ်းပြည်နယ်(မြောက်) | လားရှိုး | ၂၄ | -၆၂ | ၅ | ၈၇ | ၁.၈ | ၇၃ | ၀.၇ | ၈၁ | ၀.၂ | ၃၅ | ၁.၇ |
| ၄။ | ရှမ်းပြည်နယ်(တောင်) | တောင်ကြီး | ၁၅ | -၇၁ | ၄ | ၇၄ | -၁.၉ | ၆၅ | -၀.၁ | ၈၉ | ၃.၂ | ၂၁ | -၄.၁ |
| ၅။ | ရှမ်းပြည်နယ်(အရှေ့) | ကျိုင်းတုံ | ၄၁ | -၂၈ | ၆ | ၈၆ | -၀.၄ | ၇၂ | ၁.၉ | ၈၄ | ၂.၈ | ၃၂ | -၄.၁ |
| ၆။ | ကယားပြည်နယ် | လွိုင်ကော် | ၄၄ | ၀ | ၄ | ၈၂ | -၁.၀ | ၆၈ | -၁.၇ | ၈၇ | ၁.၅ | ၂၃ | -၀.၇ |
| ၇။ | ကရင်ပြည်နယ် | ဘားအံ | ၂၇၃ | -၁၉ | ၁၀ | ၈၆ | ၁.၀ | ၇၃ | -၀.၈ | ၉၃ | -၀.၁ | ၂၃ | ၁.၉ |
| ၈။ | မွန်ပြည်နယ် | မော်လမြိုင် | ၃၁၇ | -၁၈ | ၁၀ | ၈၆ | ၁.၀ | ၇၄ | -၀.၆ | ၉၁ | ၀.၆ | ၂၄ | ၁.၃ |
| ၉။ | ရခိုင်ပြည်နယ် | စစ်တွေ | ၅၁၆ | ၁၀ | ၁၀ | ၈၄ | -၀.၉ | ၆၉ | -၆.၆ | ၉၁ | -၁.၅ | ၂၇ | ၅.၉ |
| ၁၀။ | နေပြည်တော် | ရေဆင်း | ၄၁ | -၃၅ | ၅ | ၈၉ | ၀.၄ | ၇၆ | ၁.၀ | ၈၆ | ၀.၀ | ၃၁ | -၀.၉ |
| ၁၁။ | မန္တလေးတိုင်းဒေသကြီး | မန္တလေး | ၁ | -၈၉ | ၀ | ၉၄ | -၁.၉ | ၈၁ | ၀.၉ | ၇၁ | ၀.၇ | ၄၃ | -၄.၇ |
| ၁၂။ | စစ်ကိုင်းတိုင်းဒေသကြီး(အထက်) | ဟုမ္မလင်း | ၃၆၀ | ၅၃၆ | ၉ | ၈၇ | -၃.၁ | ၆၉ | -၆.၀ | ၉၄ | ၁၀.၃ | ၂၇ | -၈.၈ |
| ၁၃။ | စစ်ကိုင်းတိုင်းဒေသကြီး(အောက်) | မုံရွာ | ၅ | -၃၄ | ၁ | ၉၄ | -၄.၅ | ၇၈ | -၀.၉ | ၇၈ | ၃.၈ | ၄၁ | -၈.၄ |
| ၁၄။ | မကွေးတိုင်းဒေသကြီး | မကွေး | ၇၁ | ၆၅ | ၅ | ၈၉ | -၂.၅ | ၇၆ | ၂.၁ | ၈၅ | ၄.၂ | ၃၂ | -၈.၃ |
| ၁၅။ | ပဲခူးတိုင်းဒေသကြီး(တောင်) | ပဲခူး | ၂၆၇ | ၈ | ၁၀ | ၈၆ | -၀.၃ | ၇၁ | -၂.၇ | ၉၄ | ၄.၆ | ၂၃ | -၃.၃ |
| ၁၆။ | ပဲခူးတိုင်းဒေသကြီး(အရှေ့) | တောင်ငူ | ၂၀၁ | ၃၉ | ၈ | ၈၆ | -၀.၈ | ၇၃ | -၁.၂ | ၈၉ | -၁.၆ | ၂၇ | ၁.၄ |
| ၁၇။ | ပဲခူးတိုင်းဒေသကြီး(အနောက်) | ပြည် | ၈၉ | ၂၃ | ၈ | ၈၈ | -၀.၅ | ၇၄ | -၂.၁ | ၈၉ | ၂.၅ | ၂၉ | -၀.၇ |
| ၁၈။ | ရန်ကုန်တိုင်းဒေသကြီး | ရန်ကုန် | ၂၃၇ | ၁၄ | ၁၀ | ၈၉ | ၁.၄ | ၇၅ | ၂.၂ | ၈၉ | -၀.၃ | ၂၈ | ၀.၀ |
| ၁၉။ | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ် | ၂၃၉ | ၁၅ | ၉ | ၈၈ | ၀.၈ | ၇၄ | -၁.၂ | ၈၉ | -၁.၃ | ၂၈ | ၃.၁ |
| ၂၀။ | တနင်္သာရီတိုင်းဒေသကြီး | ထားဝယ် | ၃၆၆ | -၄ | ၉ | ၈၄ | -၀.၅ | ၇၄ | ၁.၄ | ၉၉ | ၆.၂ | ၁၁ | -၁၁.၁ |

မိုးရေချိန်(-၂၀%)နှင့် (+၂၀%)အကြားရှိပါက ပျမ်းမျှခန့်ဟု သတ်မှတ်ပါသည်။

၂၄နာရီအတွင်း ရွာသွန်းသော မိုးရေချိန် (၂မီလီမီတာနှင့်အထက်) မိုးရွာရက်(၁)ရက်ဟုသတ်မှတ်ပါသည်။

နောက်ဆက်တွဲ(ခ)

၂၀၂၅ ခုနှစ်၊ ဇူလိုင်လ (ပထမ)ဆယ်ရက်ပတ်အတွင်း မြေဆီလွှာစိုစွတ်မှုအခြေအနေ

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | မိုးရေချိန် | ဖြစ်နိုင်စွမ်း ပင်ငွေ့ ရေငွေ့ ပျံနှုန်း | အမှန် ပင်ငွေ့ ရေငွေ့ ပျံနှုန်း | မြေဆီလွှာစိုစွတ်မှု အခြေအနေ(မမ) | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| | | (မမ) | (မမ) | (မမ) | စုဆောင်း | ပိုရေ | လိုရေ | |
| ၁။ | ကချင်ပြည်နယ် | ၂၆၂ | ၂၈ | ၂၈ | ၁၀၀ | ၂၃၄ | ၀ | ပြည့်ဝ |
| ၂။ | ချင်းပြည်နယ် | ၁၆၆ | ၂၀ | ၂၀ | ၁၀၀ | ၁၄၆ | ၀ | ပြည့်ဝ |
| ၃။ | ရှမ်းပြည်နယ်(မြောက်) | ၂၄ | ၃၅ | ၃၅ | ၈၉ | ၀ | ၀ | ပြည့်ဝ |
| ၄။ | ရှမ်းပြည်နယ်(တောင်) | ၁၅ | ၂၁ | ၂၁ | ၉၄ | ၀ | ၀ | ပြည့်ဝ |
| ၅။ | ရှမ်းပြည်နယ်(အရှေ့) | ၄၁ | ၃၂ | ၃၂ | ၁၀၀ | ၉ | ၀ | ပြည့်ဝ |
| ၆။ | ကယားပြည်နယ် | ၄၄ | ၂၃ | ၂၃ | ၁၀၀ | ၂၁ | ၀ | ပြည့်ဝ |
| ၇။ | ကရင်ပြည်နယ် | ၂၇၃ | ၂၃ | ၂၃ | ၁၀၀ | ၂၅၀ | ၀ | ပြည့်ဝ |
| ၈။ | မွန်ပြည်နယ် | ၃၁၇ | ၂၄ | ၂၄ | ၁၀၀ | ၂၉၃ | ၀ | ပြည့်ဝ |
| ၉။ | ရခိုင်ပြည်နယ် | ၅၁၆ | ၂၇ | ၂၇ | ၁၀၀ | ၄၈၉ | ၀ | ပြည့်ဝ |
| ၁၀။ | နေပြည်တော် | ၄၁ | ၃၁ | ၃၁ | ၁၀၀ | ၁၀ | ၀ | ပြည့်ဝ |
| ၁၁။ | မန္တလေးတိုင်းဒေသကြီး | ၁ | ၄၃ | ၃၄ | ၀ | ၀ | ၉ | ခြောက်သွေ့ |
| ၁၂။ | စစ်ကိုင်းတိုင်းဒေသကြီး(အထက်) | ၃၆၀ | ၂၇ | ၂၇ | ၁၀၀ | ၃၃၃ | ၀ | ပြည့်ဝ |
| ၁၃။ | စစ်ကိုင်းတိုင်းဒေသကြီး(အောက်) | ၅ | ၄၁ | ၄၁ | ၁၉ | ၀ | ၀ | ခြောက်သွေ့ |
| ၁၄။ | မကွေးတိုင်းဒေသကြီး | ၇၁ | ၃၂ | ၃၂ | ၁၀၀ | ၁၆ | ၀ | ပြည့်ဝ |
| ၁၅၊ | ပဲခူးတိုင်းဒေသကြီး(တောင်) | ၂၆၇ | ၂၃ | ၂၃ | ၁၀၀ | ၂၄၄ | ၀ | ပြည့်ဝ |
| ၁၆။ | ပဲခူးတိုင်းဒေသကြီး(အရှေ့) | ၂၀၁ | ၂၇ | ၂၇ | ၁၀၀ | ၁၇၄ | ၀ | ပြည့်ဝ |
| ၁၇။ | ပဲခူးတိုင်းဒေသကြီး(အနောက်) | ၈၉ | ၂၉ | ၂၉ | ၁၀၀ | ၆၀ | ၀ | ပြည့်ဝ |
| ၁၈။ | ရန်ကုန်တိုင်းဒေသကြီး | ၂၃၇ | ၂၈ | ၂၈ | ၁၀၀ | ၂၀၉ | ၀ | ပြည့်ဝ |
| ၁၉။ | ဧရာဝတီတိုင်းဒေသကြီး | ၂၃၉ | ၂၈ | ၂၈ | ၁၀၀ | ၂၁၁ | ၀ | ပြည့်ဝ |
| ၂၀။ | တနင်္သာရီတိုင်းဒေသကြီး | ၃၆၆ | ၁၁ | ၁၁ | ၁၀၀ | ၃၅၅ | ၀ | ပြည့်ဝ |

**(ဖြစ်နိုင်စွမ်း ပင်ငွေ့ရေငွေ့ပျံနှုန်းအား HARGREAVES METHOD ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။)**

**နောက်ဆက်တွဲ(ဂ)**

## ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ (ဒုတိယ)ဆယ်ရက်ပတ်အတွက် စိုက်ပျိုးရေးဆိုင်ရာမိုးလေဝသ (ပျမ်းမျှ) အချက်အလက်ခန့်မှန်းချက်များ

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | မြို့ | အမြင့်ဆုံးအပူချိန် | အနိမ့်ဆုံးအပူချိန် | ပျမ်းမျှအပူချိန် | စိုထိုင်းဆ | ပင်ငွေ့ရေငွေ့ပျံ့နှုန်း |
|---|---|---|---|---|---|---|---|
| | | | ဒီဂရီ ဖာရင်ဟိုက် | ဒီဂရီ ဖာရင်ဟိုက် | ဒီဂရီ ဖာရင်ဟိုက် | ပျမ်းမျှ (%) | (မမ/၁၀-ရက်) |
| ၁။ | ကချင်ပြည်နယ် | မြစ်ကြီးနား | ၈၇ | ၇၆ | ၈၁ | ၉၂ | ၂၃ |
| ၂။ | ချင်းပြည်နယ် | ဟားခါး | ၇၃ | ၆၁ | ၆၇ | ၉၂ | ၂၀ |
| ၃။ | ရှမ်းပြည်နယ်(မြောက်) | လားရှိုး | ၈၅ | ၇၂ | ၇၈ | ၈၄ | ၃၁ |
| ၄။ | ရှမ်းပြည်နယ်(တောင်) | တောင်ကြီး | ၇၆ | ၆၅ | ၇၀ | ၈၈ | ၂၃ |
| ၅။ | ရှမ်းပြည်နယ်(အရှေ့) | ကျိုင်းတုံ | ၈၆ | ၇၀ | ၇၈ | ၈၃ | ၃၄ |
| ၆။ | ကယားပြည်နယ် | လွိုင်ကော် | ၈၃ | ၇၀ | ၇၆ | ၈၅ | ၂၄ |
| ၇။ | ကရင်ပြည်နယ် | ဘားအံ | ၈၅ | ၇၄ | ၇၉ | ၉၃ | ၂၁ |
| ၈။ | မွန်ပြည်နယ် | မော်လမြိုင် | ၈၅ | ၇၅ | ၈၀ | ၉၁ | ၂၂ |
| ၉။ | ရခိုင်ပြည်နယ် | စစ်တွေ | ၈၅ | ၇၅ | ၈၀ | ၉၂ | ၂၁ |
| ၁၀။ | နေပြည်တော် | ရေဆင်း | ၈၉ | ၇၅ | ၈၂ | ၈၇ | ၃၁ |
| ၁၁။ | မန္တလေးတိုင်းဒေသကြီး | မန္တလေး | ၉၆ | ၈၀ | ၈၈ | ၇၂ | ၄၇ |
| ၁၂။ | စစ်ကိုင်းတိုင်းဒေသကြီး (အထက်) | ဟုမ္မလင်း | ၈၉ | ၇၅ | ၈၂ | ၈၈ | ၃၁ |
| ၁၃။ | စစ်ကိုင်းတိုင်းဒေသကြီး (အောက်) | မုံရွာ | ၉၈ | ၇၉ | ၈၈ | ၇၆ | ၄၇ |
| ၁၄။ | မကွေးတိုင်းဒေသကြီး | မကွေး | ၉၂ | ၇၄ | ၈၃ | ၈၁ | ၄၀ |
| ၁၅။ | ပဲခူးတိုင်းဒေသကြီး (တောင်) | ပဲခူး | ၈၆ | ၇၃ | ၈၀ | ၉၀ | ၂၆ |
| ၁၆။ | ပဲခူးတိုင်းဒေသကြီး (အရှေ့) | တောင်ငူ | ၈၇ | ၇၅ | ၈၁ | ၉၀ | ၂၆ |
| ၁၇။ | ပဲခူးတိုင်းဒေသကြီး (အနောက်) | ပြည် | ၈၈ | ၇၆ | ၈၂ | ၈၆ | ၂၉ |
| ၁၈။ | ရန်ကုန်တိုင်းဒေသကြီး | ရန်ကုန် | ၈၇ | ၇၃ | ၈၀ | ၉၀ | ၂၈ |
| ၁၉။ | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ် | ၈၇ | ၇၅ | ၈၁ | ၉၁ | ၂၄ |
| ၂၀။ | တနင်္သာရီတိုင်းဒေသကြီး | ထားဝယ် | ၈၄ | ၇၃ | ၇၉ | ၉၃ | ၂၂ |